မင်္ဂလာပါ

ပုမ်းမှ ကျောင်းသားများစုပေါင်းကစားကြပြီး အပြန်အလှန်သင်ယူနိုင်သောနေရာတစ်ခုကို ပုံဖော်စဉ်းစားကြည့်ပါ။ လူတိုင်းအတွက်နေရာတစ်ခုတော့ ရှိစမြဲပါ။ ပညာသင်ကြားရာတွင် တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ မိတ်ဆွေများနှင့် အဖွဲ့လိုက်ဖြစ်စေ၊ ကမ္ဘာတစ်ဘက်ခြမ်းမှ မိတ်ဆွေသစ်များနှင့်ဖြစ်စေ အမျိုးမျိုးသင်ကြားနိုင်ပါသည်။ သို့ရာတွင် ပျော်ရွှင်စရာများနှင့် သင်ယူလိုပါက ဤနေရာသည် သင့်အတွက် အကောင်းဆုံးကစားကွင်းဖြစ်ပါသည်။

အကယ်၍ သင်သည် လွယ်ကူလွန်းသည့် သို့မဟုတ် ခက်ခဲလွန်းသည့်မေးခွန်းများ ဖြေရခြင်းကို ငြီးငွေ့လာပါက စိတ်ပူပန်ခြင်းမရှိပါနှင့်။ ဤဗဟုသုတကစားကွင်း၌ရှိသော စိန်ခေါ်မှုများက သင်၏သင်ယူနိုင်စွမ်းအဆင့်နှင့် လိုက်လျောညီထွေဖြစ်စေပါလိမ့်မည်။ သင်သည် သင်ကိုယ်တိုင် စိတ်ကျေနပ်အားရဖွယ် တိုးတက်မှုရလဒ်ရရှိဖို့ရန် တစ်ဦးချင်းလည်း စိန်ခေါ်နိုင်ပါသည်။

ဆရာဆရာမများ၊ နည်းပြများနှင့် မိဘများကသင့်ကို အလုပ်တာဝန်ပေးအပ်မှာဖြစ်ပြီး မှတ်တမ်းတင်ထားခြင်း၊ အဆင့်သတ်မှတ်ပေးခြင်းများ ပြုလုပ်ပေးမှာ ဖြစ်ပါသည်။ ကျွန်တော်တို့၏စနစ်က သင်၏ရလဒ်ကို သင့်ဆရာထံ ပြသနိုင်ဖို့ရန် စီစဉ်ပေးပါလိမ့်မည်။ သင်၏လစဉ်ရလဒ်ကိုလည်း ပေးပို့နိုင်ပါသည်။ ဤသို့ဖြင့် သင်ကိုယ်တိုင် သို့မဟုတ် သင့်ဆရာက တစ်နှစ်ပတ်လုံး သင်၏တိုးတက်မှုကို စောင့်ကြည့်စစ်ဆေးနိုင်ပါမည်။

လက်ရှိတွင်၊ ဤစိန်ခေါ်မှုများသည် စင်္ကာပူအများပြည်သူကျောင်းများတွင် အသုံးပြုနေသော အဓိကဘာသာလေးခုကို အခြေခံထားပါသည်။ ၎င်းတို့မှာ သင်္ချာ၊ သိပ္ပံ ၊ အင်္ဂလိပ် နှင့် တရုတ် (စိတ်ကြိုက်ရွေးချယ်နိုင်သောဘာသာ) တို့ဖြစ်ပါသည်။

ဗဟုသုတကစားကွင်းတွင် သင်သည် အဖြေအားလုံးမှန်ချင်မှမှန်ပါမည်။ သို့သော် အားလုံး အတူတကွအဖြေရှာလို့ရပါသည်။ ဒါကြောင့် ရှေ့ဆက်သွားပြီး ကျွန်တော်တို့၏ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲတွင် သင်သိလိုသော မေးခွန်းများကို မေးလိုက်ပါ။ သင်သည် မိတ်ဆွေသစ်ဖွဲ့ခြင်း၊ အဖွဲ့လိုက်သင်ယူသူများ ဖွဲ့စည်းခြင်းနှင့် ကမ္ဘာတစ်ပုမ်းမှ အခြားကျောင်းသားများနှင့် အပြန်အလှန်မေးမြန်းခြင်းကိုလည်း လုပ်နိုင်ပါသည်။

အကောင်းဆုံးအချက်မှာ ဤကစားကွင်းသည် အင်တာနက်ကောင်းစွာ ဆက်သွယ် အသုံးပြုနိုင်သော မည်သည့် စက်ပစ္စည်းနှင့်မဆို အခမဲ့ ချိတ်ဆက် အသုံးပြုသင်ယူနိုင်ခြင်းဖြစ်ပါသည်။

သင်ယူခြင်း၊ နေထိုင်ခြင်းနှင့် ချစ်ခင်ခြင်းများ ပိုင်ဆိုင်ကြဖို့ရန် ဤကစားကွင်းတွင် ကျွန်တော်တို့ကို ဆက်သွယ်ပါ။

ခင်မင်ရင်းနှီးစွာဖြင့်

Dr. Jason Ong
Founder and CEO
Knowledge Playground Pte Ltd.